# တရားဌာန။
# ခရိုင်စုတရားရုံးများဖွင့်လှစ်ရန်တချက်လွှတ်အမိန့်။
# ၁၉၄၂ ခုနှစ်၊ တချက်လွှတ်အမိန့် အမှတ်စဉ် ၄။
# ရန်ကုန်မြို့၊ ၁၉၄၂ ခု၊ အောက်တိုဘာလ ၉ ရက်။

ဗမာနိုင်ငံတော်အတွင်းရှိ တရားရုံးများကို၊ ပြန်လည်ထူထောင်ရန် လိုအပ်သည်နှင့် အညီ၊ ဗမာအစိုးရ၏ ဝန်ကြီးချုပ်သည်၊ အောက်ပါတချက်လွှတ်အမိန့်ကို၊ ကျေညာလိုက်သည်။

၁။ ။ (၁) ဤတချက်လွှတ် အမိန့်ကို "၁၉၄၂ ခုနှစ်၊ ဗမာနိုင်ငံတော် တရားရုံးများပြင်ဆင်ချက်တ ချက်လွှတ်အမိန့်" ဟူ၍ခေါ်တွင်စေရမည်။

(၂) ဤတချက်လွှတ်အမိန့်သည် ဗမာနိုင်ငံတော်တဝှမ်းလုံးနှင့်သက်ဆိုင်သည်။

(၃) ဤတချက်လွှတ်အမိန့် ချက်ခြင်းတည်ရမည်။

၂။ ။ (၁) ၁၉၂၂ ခုနှစ်၊ မြန်မာပြည် တရားရုံးများဥပဒေ (၁၉၂၂ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၁၁) အရ၊ တည်ထောင်ထားသော ဒိစတြိတ် တရားရုံးနှင့်လက်ထောက်ဒိစတြိတ်တရားရုံးတော်များအစား၊ ခရိုင်စုတရားရုံးများကို၊ တည်ထောင်ဖွင့်လှစ်ရမည်။ ထိုခရိုင်စုတရားရုံးများသည်၊ ခရိုင်စုတစုအဖြစ် အလွယ်တကူ ပူးပေါင်း၍ဖြစ်နိုင်သော ခရိုင်နှစ်ခရိုင်။ သို့မဟုတ် နှစ်ခရိုင်ထက်ပိုမိုသောခရိုင်များ၌ တရားစစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည်။

(၂) ခရိုင်စု တစုအဖြစ်ဖွဲ့စည်း၍ ထားသောမည်သည့်ခရိုင်၌မဆို၊ တွဲဘက်ခရိုင်စုတရားရုံးတခုတည် တည်ထောင်ဖွင့်လှစ်နိုင်မည်။

၃။ ။ (၁) ၁၉၂၂ ခုနှစ်၊ မြန်မာပြည်တရားရုံးများဥပဒေအရ၊ ဒိစတြိတ်တရားရုံးနှင့် လက်ထောက် ဒိစတြိတ် တရားရုံးတော်များရရှိသော တန်ခိုးအာဏာနှင့်တရားစစ်ဆေးစီရင်ပိုင်ခွင့် အာဏာများ အားလုံးကို၊ ဤတချက်လွှတ်အမိန့်အရ တည်ထောင်ဖွင့်လှစ်သော ခရိုင်စုတရားရုံးကရရှိရမည်။

(၂) တွဲဘက်ခရိုင်စုတရားရုံးမှာ၊ ခရိုင်တခု၏ နယ်နိမိတ်အတွင်း၌ စီရင်စုပိုင်ခွင့်ရှိသော ခရိုင်စု တရားရုံး၏ တန်ခိုးအာဏာနှင့် တရားစစ်ဆေးစီရင်ပိုင်ခွင့်အာဏာများ ရှိစေနိုင်မည်ဖြစ်၍၊ ခရိုင်စု တရားရုံး၏ ကြီးကြပ်အုပ်ချုပ်ခြင်းနှင့် ကြပ်မတ်ကြည့်ရှုခြင်းခံရမည်။

(၃) ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအထွေထွေအပိုဒ်များ ဥပဒေပုဒ်မ ၂၊ အပိုဒ် ၁၈ နှင့် ၁၉ တွင်ဒိစတတြိတ်တ ရားသူကြီးရုံး၏ အဓိပ္ပါယ်ကိုရှင်းလင်းဖေါ်ပြထားသည့်အတိုင်း၊ ခရိုင်စုတရားရုံးကိုလည်း ထိုအဓိပ္ပါယ် အတိုင်းယူဆရမည်။

၄။ ။ (၁) ခရိုင်စု တရားသူကြီးသည်၊ ခရိုင်စုစက်ရှင်တရားသူကြီး အဖြစ်နှင့်လည်းဆောင်ရွက်ရမည်။ ထိုသို့ခရိုင်စုစက်ရှင်တရားသူကြီးအဖြစ်နှင့်ဆောင်ရွက်ရာတွင်၊ ၁၈၉၈ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံး ကိုဓအရ၊ စက်ရှင်ရုံးတော်မှရရှိသော တန်ခိုးအာဏာနှင့် စစ်ဆေးစီရင်ပိုင်ခွင့်အာဏာများကို အသုံးပြုရ မည်။ ထို့ပြင် ၁၈၉၈ ခုနှစ်၊

ရာဇဝတ်ကျင့်ထုံးကိုဓအရ၊ စက်ရှင်ခရိုင်စုတစုဟူ၍ မှတ်ယူရမည်ဖြစ်သော ထိုခရိုင်စုအတွင်းဖြစ်ပွါးသော စက်ရှင်မှုဟူသမျှကိုစစ်ဆေးစီရင်ရမည်။

(၂) တွဲဘက်ခရိုင်စု တရားသူကြီးအား၊ စက်ရှင်တရားသူကြီး၊ သို့မဟုတ် လက်ထောက်စက်ရှင်တရားသူ ကြီးတို့ရရှိသော တန်ခိုးအာဏာကိုလွှဲအပ်ထားမည်။ တွဲဘက်ခရိုင်စုတရားသူကြီးသည် မိမိအားခန့်ထား သောခရိုင်အတွင်းဖြစ်ပွါး၍၊ ၎င်း၏ရုံးတော်သို့တင်ပို့သော ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရမည်။ ထို့ပြင် ခရိုင်စုစက်ရှင်တရားသူကြီးကလွှဲပြောင်း၍ပေးအပ်သော အခြားအမှုများကိုလည်း စစ်ဆေးစီရင်ရမည်။

၅။ ။ ၁၉၂၂ ခုနှစ်၊ မြန်မာပြည်တရားရုံးများဥပဒေနှင့် ၁၈၉၈ ခုနှစ်၊ ရာဇဝတ်ကျင့်ထုံးကိုဓ ပါပုဒ်မများကို ဤတချက်လွှတ်အမိန့်တွင် ပြဋ္ဌာန်းထားသရွေ့သာ ပြင်ဆင်သည်ဟုမှတ်ယူရမည်။

ဘမော်။

ဝန်ကြီးချုပ်။

ဗမာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၉၄၂ ခု၊ အောက်တိုဘာလ ၉ ရက်။